# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

# ဒုတိယနေ့အစီအစဉ်

# [ ၅–၇–၂၀၁၂ ] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ အမျိုးသားလွှတ်တော်မှ ပြန်လည်ပေးပို့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း လက်ခံရရှိမှုကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များ က မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးတင်ထွတ်၊ ဇလွန် မဲဆန္ဒနယ်၏ **ဇလွန်–ဓနုဖြူ–ကြိမ်ပင် ဆည်လမ်းပိုင်း အား ပြုပြင်ပေးရန်** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဦးသူရိန်ဇော်၊ ကော့ကရိတ် မဲဆန္ဒနယ်၏ **ကော့ကရိတ်–တောင်ကြားအင်း– မဲသရော – ကြာအင်းဆိပ်ကြီးလမ်း အဆင့်မြှင့် တင်ပေးရန်** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဦးမြသိန်း၊ ဘိုကလေး မဲဆန္ဒနယ်၏ **ပင်မတံတားကြီး၏ အပေါ်ထည် ပြီးစီးအောင် တည်ဆောက်ပေးရန်** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဦးကြည်မြင့်၊ လသာ မဲဆန္ဒနယ်၏ **အရန်ဆန်ဝယ်ယူသိုလှောင် ထားခြင်း၏ ရည်ရွယ်ချက်** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(င) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **အုတ်လုပ်ငန်းဇုန်များ သတ်မှတ်ခွင့်ပြုပေးရန်** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(စ) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မောက်မယ် မြို့နယ်ထွက် ဂေါ်ဒန်ကျောက်များ၏ အသုံးဝင်ပုံ၊ အသုံးပြုပုံ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးသိန်းအောင်၊ သံဖြူဇရပ် မဲဆန္ဒနယ်၏ **စက်စဲကျေးရွာ အ.ထ.က ကျောင်းခွဲအား အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးရန်** နှင့် စပ်လျဉ်း သည့်မေးခွန်း။

(ဇ) ဦးကျော်မြင့်(ခ)ဦးဖိုးတုတ်၊ မိုးမိတ် မဲဆန္ဒနယ်၏ **ဘော်ဒေကျေးရွာ အလယ်တန်းကျောင်းအား အထက်တန်းကျောင်းခွဲအဖြစ် အဆင့် တိုးမြှင့်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၇။ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ ၏အစီရင်ခံစာတင်ပြခြင်း။

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာ နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၉။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း။

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာ နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာခြင်း။

၁၁။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း။

၁၂။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၃။ ဦးတင်မောင်ဝင်း၊ မင်္ဂလာဒုံ မဲဆန္ဒနယ်က **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ဥပဒေတစ်ရပ်ပြုနိုင်ရေးအတွက် ဥပဒေရေးဆွဲရန် "** အဆို တင်သွင်းခြင်း နှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၄။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၅။ ဦးကြည်မြင့်၊ လသာ မဲဆန္ဒနယ်က **" စားနပ်ရိက္ခာဖူလုံရေး၊ စက်မှုကုန်ကြမ်းရရှိရေး၊ပို့ကုန်ဝင်ငွေတိုးတက်ရေးတို့အတွက် ပုဂ္ဂလိကတောင်သူလယ်သမား တစ်ဦးချင်းပိုင်၊ တစ်ဆက်တစ်စပ်တည်းသောကုမ္ပဏီလယ်ယာ၊ တောင်သူလယ်သမားနှင့် သွင်းကုန်ပို့ကုန် ကုမ္ပဏီများကြား ကုန်ကြမ်းပေး ကုန်ချောယူ ကန်ထရိုက်လယ်ယာစနစ်များ ပါဝင်သည့် စိုက်ပျိုးမွေးမြူရေး စီမံကိန်းတစ်ရပ် ရေးဆွဲပြဋ္ဌာန်းရန်"** အဆို တင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၆။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၇။ ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူက **" ၂၀၁၂ ခုနှစ်၊ ပညာရေးသုတေသနဥပဒေကြမ်း"** ကို တင်သွင်းခြင်း။

၁၈။ ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီ က တင်သွင်းသော ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ မှ တာဝန်ပေးအပ်သူက ဖတ်ကြားရှင်းလင်းခြင်း။

၁၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီ က တင်သွင်းသော ဥပဒေကြမ်းကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း နှင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်း ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၂၀။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီက တင်သွင်းသော **"၂၀၁၂ခုနှစ်၊ စာစစ်အဖွဲ့ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီ အလိုက် ဆွေးနွေး၍ အတည်ပြုရန် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၂၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။